# ဓမ္မခန္ဓာ (၇၂) ပုတုဇဉ်များ (အလ်-ဂျင်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၄၀)၊ သုတ်ဒေသနာ (၂၈)ပါး၊

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

## بِسْمِ اللّهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **قُلْ أُوحِيَ إِلَيَّ أَنَّهُ اسْتَمَعَ نَفَرٌ مِّنَ الْجِنِّ فَقَالُوا إِنَّا سَمِعْنَا قُرْآنًا عَجَبًا** ۞<br>ဟောလော့ "ကျွန်ုပ်ထံသို့ အာရုံစျာန်ရသည်မှာ– ပုတုဇဉ်များမှ ချီတက်လာသူတစ်စုသည် ကြားနာကြလျှက်– ပြောကြသည်မှာ–[၁၀၈၇]"ကျွန်ုပ်တို့သည် အလွန်အံ့သြဘွယ်ကောင်းသော ကုရ်အာန်အား ကြားနာခဲ့ရ၏။– |
| ၂။ | **يَهْدِي إِلَى الرُّشْدِ فَآمَنَّا بِهِ وَلَن نُّشْرِكَ بِرَبِّنَا أَحَدًا** ۞<br>၎င်းသည် ဖြောင့်မတ်မှု ဆီသို့ လမ်းညွှန်၏။ ကျွန်ုပ်တို့သည် ၎င်းကို ယုံကြည်ပါပြီ။ ကျွန်ုပ်တို့သည် ကံကြမ္မာရှင်နှင့် တစ်စုံတစ်ခုကိုသော်မျှ ရောပြွန်းကိုးကွယ်မည် မဟုတ်တော့ချေ။– |
| ၃။<br>☆၆း၁၀၁ | **وَأَنَّهُ تَعَالَى جَدُّ رَبِّنَا مَا اتَّخَذَ صَاحِبَةً وَلَا وَلَدًا** ۞<br>အရှင်သည် အစဉ်သစ်လွှင် အထွဋ်အထိပ်ဖြစ်တော်မူသော တပည့်တော်တို့၏ ကံကြမ္မာရှင် ဖြစ်၏။ အရှင်သည် ပေါင်းဖေါ် သင်းဘက် ကိုယ်ပွားရင်သွေး ယူထားခြင်း မရှိချေ။☆ |
| ၄။<br>ပညာမဲ့ | **وَأَنَّهُ كَانَ يَقُولُ سَفِيهُنَا عَلَى اللَّهِ شَطَطًا** ۞<br>ကျွန်ုပ်တို့အနက် **တုံးအသူ**တို့က "ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ မတရားသဖြင့် ပြောဆိုလေ့ရှိ၏။ |
| ၅။ | **وَأَنَّا ظَنَنَّا أَن لَّن تَقُولَ الْإِنسُ وَالْجِنُّ عَلَى اللَّهِ كَذِبًا** ۞<br>တဖန် လူသားနှင့် ပုတုဇဉ်တို့သည် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လိမ်ညာ ပြောဆိုကြမည် မဟုတ်ဟု ကျွန်ုပ်တို့ စဉ်းစားခဲ့၏။ |
| ၆။ | **وَأَنَّهُ كَانَ رِجَالٌ مِّنَ الْإِنسِ يَعُوذُونَ بِرِجَالٍ مِّنَ الْجِنِّ فَزَادُوهُمْ رَهَقًا** ۞<br>လူသား ထဲမှ လူတို့သည် ပုတုဇဉ် ထဲမှ လူတို့ထံ ခိုလှုံလိုလေ့ရှိရာ– သို့ဖြင့် ၎င်းတို့အား ဖိစီးမှု တိုးပွားစေ၏။[၁၀၈၈] |

(၁၀၈၇) **ဂျင်**– ဆိုသည်မှာ လူသားပင် ဖြစ်ကြောင်း ၆း၁၀၀ တွင် ရှင်းပြခဲ့ပြီး ဖြစ်သည်။ ၄၆း၂၉–၃၀ တွင် ဂျူးလူမျိုးများကိုလည်း **ဂျင်** ဟု ပြောဆိုထား၍၊ ဤသုတ်တော်တွင်မူ ခရစ်ယာန်များကိုလည်း **ဂျင်** ဟု သုံးစွဲ ပြောဆိုပေသည်။ ထိုအချက်ကို သုတ်တော် ၃ ပါ ပရမတ်ဘုရားရှင်သည် ကြင်ယာ ကြင်ဘက်မရှိ၊ သားသမီးမရှိဟု ကြေငြာခြင်းက ထောက်ပြထားပေသည်။ ဆိုလိုသည်မှာ သူတို့သည် ကုရ်အာန်ကျမ်းတော်ကို မကြားနာရမီက "ကိုယ်တော်ယေရှုအား– ဘုရားသားတော်၊" ဟု ရင့်ကျူးခဲ့ရာမှ– ကုရ်အာန်ကျမ်းတော်အား ကြားနာရသော အခါ အမှန်ကို သိလာ၍ သူတို့ လူမျိုးများထံသို့ ပြန်သွားလျှက်– ဘုရားရှင်ဟူသည် ကြင်ယာကြင်ဘက်မရှိ၊ သားသမီးမရှိ– အတုလံအတုမရှိဟု ကြွေးကြော်ခြင်း ဖြစ်ပေသည်။

(၁၀၈၈) **အင်ဆန်** လူသားနှင့် **ဂျင်** ပုတုဇဉ် ဆိုသည်မှာ အသုံးအနှုန်းအရ ခွဲခြား ပြောဆိုခြင်း ဖြစ်၍၊ **ကလျာဏပုတုဇဉ်**နှင့် **အန္ဓပုတုဇဉ်**ကို ခေါ်ဆိုခြင်း ဖြစ်သည်။ မိမိနှင့် ဆက်နွယ်ပတ်သက်သော လူသားမျိုးနွယ်အား **အင်ဆန်**ဟု သုံးလျှက်– မိမိနှင့် တစ်စိမ်းကဲ့သို့ ဖြစ်နေသော သူသားမျိုးနွယ်ကို **ဂျင်**ဟု သုံးခြင်းသာ ဖြစ်၏။ လူဟူသော ဂုဏ်သတ္တိတွင် ကွာဟခြင်း မရှိချေ။ အုပ်စုတိုင်းတွင် လူဆိုး၊ လူကောင်း၊ သူတော်စင်၊ သူယုတ်မာများ ရှိနိုင်ပေသည်။ ထိုအချက်ကို သုတ်တော် (၄) ပါ ပုတုဇဉ်များအနက် ဉာဏ်ပညာ အမဲ့ဆုံးသူများက—ဟု အဓိပ္ပါယ်ကို ပေးသော "ကျွန်ုပ်တို့အနက် တုံးအသူတို့က–––––––။"ဟူသည့် ဝါကျက ဂျင်ခေါ် ပုတုဇဉ်များအတွင်းတွင်လည်း အသိဉာဏ်မဲ့သူ၊ အသိဉာဏ်ရှိသူများ ရှိကြောင်းကို ထောက်ပြထားပေသည်။ ထို့ပြင် ဤသုတ်တော်မှ "လူ **အမျိုးသားတို့သည်** ပုတုဇဉ်များ **အမျိုးသားတို့ထံ** ခိုလှုံလိုလေ့ရှိရာ။"

| | |
|---|---|
| ၇။ | **وَأَنَّهُمْ ظَنُّوا كَمَا ظَنَنتُمْ أَن لَّن يَبْعَثَ اللَّهُ أَحَدًا** ۞<br>၎င်းတို့က စဉ်းစားသည်မှာ ပရမတ်ဘုရားရှင်သည် တစ်စုံတစ်ယောက်ကိုမျှ နိုးကြွစေမည် မဟုတ်ဟု သင်တို့ စဉ်းစားသကဲ့သို့ ဖြစ်၍– |
| ၈။ | **وَأَنَّا لَمَسْنَا السَّمَاء فَوَجَدْنَاهَا مُلِئَتْ حَرَسًا شَدِيدًا وَشُهُبًا** ۞<br>ကျွန်ုပ်တို့သည် ကောင်းကင်ယံကို ထိတွေ့ကြ၏။ သို့သော် ၎င်းသည် ပြတ်သားသော အစောင့်များ၊ မီးဒုံးများဖြင့် ဖြည့်ထားသည်ကို ကျွန်ုပ်တို့ တွေ့ရ၏။[၁၀၈၉] |
| ၉။ | **وَأَنَّا كُنَّا نَقْعُدُ مِنْهَا مَقَاعِدَ لِلسَّمْعِ فَمَن يَسْتَمِعِ الْآنَ يَجِدْ لَهُ شِهَابًا رَّصَدًا** ۞<br>ကျွန်ုပ်တို့သည် ထိုင်၌ ထိုင်ခုံများတွင် ကြားနာရန် ထိုင် လေ့ရှိခဲ့ကြ၏။ သို့သော် ယခု နားထောင်သူ– သူ့အတွက် စောင့်နေသော မီးဒုံးကိုသာ တွေ့ရ၏။ |
| ၁၀။ | **وَأَنَّا لَا نَدْرِي أَشَرٌّ أُرِيدَ بِمَن فِي الْأَرْضِ أَمْ أَرَادَ بِهِمْ رَبُّهُمْ رَشَدًا** ۞<br>မြေကမ္ဘာ၌ ရှိသူတို့အတွက် အဆိုးကို ဖြစ်လိုသလော၊ သို့တည်းမဟုတ် ကံကြမ္မာရှင်က ဖြောင့်မတ်စေလိုသလော– ကျွန်ုပ်တို့ မမှန်းတတ်ချေ။ |
| ၁၁။ | **وَأَنَّا مِنَّا الصَّالِحُونَ وَمِنَّا دُونَ ذَلِكَ كُنَّا طَرَائِقَ قِدَدًا** ۞<br>ကျွန်ုပ်တို့မှ ပြုပြင်ပြောင်းလဲသူများ ရှိကြ၍၊ ထိုမှအပသော အတိုက်အခံများလည်း ရှိလျက်– ကျွန်ုပ်တို့သည် ဆုတ်ဖြဲလမ်းဖေါက်သူများဖြစ်ကြ၏။ |
| ၁၂။ | **وَأَنَّا ظَنَنَّا أَن لَّن نُّعجِزَ اللَّهَ فِي الْأَرْضِ وَلَن نُّعْجِزَهُ هَرَبًا** ۞<br>ပရမတ်ဘုရားရှင်အား ချိန့်စေရာ မြေကမ္ဘာ၌ မရှိချေ၊ ကျွန်ုပ်တို့ ပုံပြေးရာတွင်လည်း ချိန့်စေနိုင်ရာ မရှိဟု ကျွန်ုပ်စဉ်းစားမိ၏။ |
| ၁၃။ | **وَأَنَّا لَمَّا سَمِعْنَا الْهُدَى آمَنَّا بِهِ فَمَن يُؤْمِن بِرَبِّهِ فَلَا يَخَافُ بَخْسًا وَلَا رَهَقًا** ۞<br>ကျွန်ုပ်တို့သည် လမ်းညွှန်တရားကို ကြားနာရ၍၊ ထို၌ ယုံကြည်၏။ ကံကြမ္မာရှင်အား ယုံကြည်သော သူသည် ပေါ့ပါးမှုဖိစီးမှုကို ကြောက်ရွံ့ခြင်းမရှိ။ |
| ၁၄။ | **وَأَنَّا مِنَّا الْمُسْلِمُونَ وَمِنَّا الْقَاسِطُونَ فَمَنْ أَسْلَمَ فَأُوْلَئِكَ تَحَرَّوْا رَشَدًا** ۞<br>ကျွန်ုပ်တို့၌ ငြိမ်းချမ်းရေးဝါဒီများ ရှိ၍– ကြားနေသူများလည်း ရှိ၏။ ငြိမ်းချမ်းရေးပြုသူ– ထိုသူတို့သည် ဖြောင့်မတ်သော ရည်ရွယ်ချက်၌ ရှိ၏။ |
| ၁၅။ | **وَأَمَّا الْقَاسِطُونَ فَكَانُوا لِجَهَنَّمَ حَطَبًا** ۞<br>ကြားနေသူများမှာမူ ငရဲဘုံအတွက် ထင်းများသာ ဖြစ်ကြလတ္တံ့။ |

---

ဆိုသည်မှာ– ရံဖန်ရံခါ နိုင်ငံရေးကြောင့် ဖြစ်စေ၊ အယူဝါဒကြောင့်ဖြစ်စေ – လူမျိုးစု တစ်ခုက အခြားလူမျိုးစု တစ်ခုထံတွင် ခိုလှုံရသည်များ ရှိပြီး– ခိုလှုံခြင်းကို လက်ခံရသော လူမျိုးစုမှာ စားဝတ်နေရေးများ ဖြေရှင်းပေးရမှု အပါအဝင် တာဝန်ကြီးမှု – (ဖိစီးသလို ဖြစ်မှု)များ ရှိကြောင်း ဖေါ်ပြခြင်း ဖြစ်သည်။

**(၁၀၈၉)** ဤသုတ်တော်က "ကောင်းကင်ယံကို ထိတွေ့ကြ၏၊–––––––။" ဆိုသည်မှာ– သူတို့အနေဖြင့် ကောင်းကင်နိုင်ငံတော်ဟု ခေါ်သော နိဗ္ဗာန်ဘုံ အကြောင်း တရားနာဘူးကြောင်း– သို့သော် ထိုကောင်းကင်နိုင်ငံတော်ကို ရောက်နိုင်ရန် နည်းလမ်းများကို ဘာသာရေး ဆရာတော်များက မောင်ပိုင်စီးလျှက် နောက်လိုက်တို့အား ဓမ္မသတ်မျိုးစုံဖြင့် အပွေးသပ်နေကြောင်းကို ဆိုလိုခြင်း ဖြစ်ပေသည်။ ထိုအချက်ကို သုတ်တော် (၉) က တိကျစွာ ပြန်လည်ထောက်ပြထားပေသည်။ မီးဒုံးများ မီးလက်နက်များ ဆိုသည်မှာ သူတစ်ပါးအား စွပ်စွဲ ပုတ်ခတ်သော ဓမ္မသတ်များကို ဆိုလိုပေသည်။

| | |
|---|---|
| ၁၆။ | **وَأَلَّوِ اسْتَقَامُوا عَلَى الطَّرِيقَةِ لَأَسْقَيْنَاهُم مَّاء غَدَقًا۝**<br>အကယ်၍ သူတို့သည် လမ်းကြောင်းပေါ်၌ ဆက်လက် ရပ်တည်လျှင်၊ ငါသည် သူတို့အား ရေအေး ပေါပေါသီသီ တိုက်ကျွေးလတ္တံ့။[၁၀၉၀] |
| ၁၇။ | **لِنَفْتِنَهُمْ فِيهِ وَمَن يُعْرِضْ عَن ذِكْرِ رَبِّهِ يَسْلُكْهُ عَذَابًا صَعَدًا۝**<br>ငါသည် ၎င်း၌ စမ်းသပ်တော်မူနိုင်၏၊ ကံကြမ္မာရှင်အား သတိရရှုမှတ်ခြင်းအား ဘောင်ကန့်ထားသူ၊ ထိုသူအား တရိပ်ရိပ်တက်နေသော ဝဋ်ကြွေးသို့ ဝင်စေတော်မူလတ္တံ့။ |
| ၁၈။ | **وَأَنَّ الْمَسَاجِدَ لِلَّهِ فَلَا تَدْعُوا مَعَ اللَّهِ أَحَدًا۝**<br>ဝတ်ပြုကျောင်းတော်များသည် ပရမတ်ဘုရားရှင်အတို့ ဖြစ်၏။ သို့ဖြစ်၍ ပရမတ်ဘုရားရှင်နှင့် တဂိုဏ်းတည်းထား၍ တစ်ဦးတစ်ယောက်ထံမျှ ဆုမတောင်းကြလင့်။ |
| ၁၉။ | **وَأَنَّهُ لَمَّا قَامَ عَبْدُ اللَّهِ يَدْعُوهُ كَادُوا يَكُونُونَ عَلَيْهِ لِبَدًا۝**<br>ကေန်ပင် ပရမတ်ဘုရားရှင်၏ အမှုတော်ဆောင်သည် အရှင်ထံ၌သာ ရပ်တည် ဆုတောင်းသောအခါ၊ ပိုလျှံခြင်းသည် သူ့အပေါ်၌ တကဲကဲ ဖြစ်နေ၏။ |
| ၂၀။ | **قُلْ إِنَّمَا أَدْعُو رَبِّي وَلَا أُشْرِكُ بِهِ أَحَدًا۝**<br>ဟောလော့ "ကျွန်ုပ်သည် ကံကြမ္မာရှင်ထံ၌သာ ဆုတောင်း၏၊ အရှင်နှင့် တစ်စုံတစ်ဦးကိုမျှ ရောပြွန်းမကိုးကွယ်ချေ။" |
| ၂၁။ | **قُلْ إِنِّي لَا أَمْلِكُ لَكُمْ ضَرًّا وَلَا رَشَدًا۝**<br>ဟောလော့ "သင်တို့အား ဘေးဥပဒ်ထိစေရန်၊ ဖြောင့်မတ်စေရန် သြဇာအာဏာ ကျွန်ုပ်တွင် မရှိချေ။" |
| ၂၂။ | **قُلْ إِنِّي لَن يُجِيرَنِي مِنَ اللَّهِ أَحَدٌ وَلَنْ أَجِدَ مِن دُونِهِ مُلْتَحَدًا۝**<br>ဟောလော့ "ကျွန်ုပ်အား ပရမတ်ဘုရားရှင်ထံမှ ကာကွယ်ပေးနိုင်သူ တစ်စုံတစ်ယောက်မျှ မရှိ၊ ကျွန်ုပ်သည်လည်း အရှင် မှလွဲ၍ လှီးလွှဲရှောင်ကွေ့ရာကို မတွေ့ချေ။ |
| ၂၃။ | **إِلَّا بَلَاغًا مِّنَ اللَّهِ وَرِسَالَاتِهِ وَمَن يَعْصِ اللَّهَ وَرَسُولَهُ فَإِنَّ لَهُ نَارَ جَهَنَّمَ خَالِدِينَ فِيهَا أَبَدًا۝**<br>ကျွန်ုပ်တွင်ကား ပရမတ်ဘုရားရှင်ထံမှ၊– ထို့ပြင် အရှင်၏ စေပို့ချက်များကို ဆိုက်ရောက်စေရန်သာ ဖြစ်၏။ ပရမတ်ဘုရားရှင်နှင့် အရှင့် ဥဇ္ဇာစဉ်တော်ဆောင်အား အာခံသူ၊ ကေန်ပင် သူ့အတွက် ငရဲဘုံ၏ အပူမီးသာ ရှိ၍၊ ထို၌ ထာဝရ ကာလမဲ့ ခံစားရမည်တည်း။" |
| ၂၄။ | **حَتَّى إِذَا رَأَوْا مَا يُوعَدُونَ فَسَيَعْلَمُونَ مَنْ أَضْعَفُ نَاصِرًا وَأَقَلُّ عَدَدًا۝**<br>သူတို့အား ကတိထားရာကို မြင်တွေ့ရသောအခါ မည်သူ့အား ကူညီမည့်သူ အားနည်း၍ အရေအတွက် နည်းပါးကြောင်း သိလာရလတ္တံ့။ |
| ၂၅။ | **قُلْ إِنْ أَدْرِي أَقَرِيبٌ مَّا تُوعَدُونَ أَمْ يَجْعَلُ لَهُ رَبِّي أَمَدًا۝**<br>ဟောလော့ "ကတိထားရာသည် နီးကပ်လာသလော၊ သို့တည်းမဟုတ် ကံကြမ္မာရှင်က ကာလ စီစဉ်ထားသလော၊ ကျွန်ုပ် မမှန်းနိုင်ချေ၊– |
| ၂၆။ | **عَالِمُ الْغَيْبِ فَلَا يُظْهِرُ عَلَى غَيْبِهِ أَحَدًا۝**<br>အရှင်သည် စကြွာလွှန်ကို သိနေသော အရှင် ဖြစ်၏။ မည်သူတစ်ဦးကိုမျှ စကြွာလွှန်အကြောင်း ဖွင့်ဖေါ်မပေးသည်မှာ– |

(၁၀၉၀) လမ်းစဉ်မှန်တွင် ရပ်သူများသည် အပေါ် သုတ်တော်ပါ ငရဲဘုံအပူထဲမှ ဆာလောင်မွတ်သိပ်မှုများ ခံစားရမည် မဟုတ်၊

| | |
|---|---|
| ၂၇။ | **إِلَّا مَنِ ارْتَضَى مِن رَّسُولٍ فَإِنَّهُ يَسْلُكُ مِن بَيْنِ يَدَيْهِ وَمِنْ خَلْفِهِ رَصَدًا** ۞<br>အရှင်က ကျေနပ်နှစ်သက်သော ဉာဏ်စဉ်တော်ဆောင်မှ အပ ဖြစ်၏။ အရှင်သည် သူ၏ လက်ရှိ-မျက်မှောက် သူ့၏ နောက်၌ အစောင့်အကြပ် ထည့်ထားတော်မူသည်မှာ- |
| ၂၈။ | **لِيَعْلَمَ أَن قَدْ أَبْلَغُوا رِسَالَاتِ رَبِّهِمْ وَأَحَاطَ بِمَا لَدَيْهِمْ وَأَحْصَى كُلَّ شَيْءٍ عَدَدًا** ۞<br>ကံကြမ္မာရှင်၏ စေပို့ချက်များအား ဆိုက်ရောက်စေခြင်းကို သိစေရန် ဖြစ်၏။ အရှင်သည် သူတို့၏ ပစ္စုပ္ပန်ကို ဝိုင်းရံထားတော်မူ၏။ အရှင်သည် သဗ္ဗလုံးစုံသော အရေအတွက်အား အမှတ်စဉ်မှတ်ထား၏။ |